# “အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ဆိုသည်မှာ”

**မေး။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ဆိုသည်မှာ အဘယ်နည်း။**

ကမ္ဘာ့ကုလသမဂ္ဂ၏ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးဆိုင်ရာ ကြေညာစာတမ်းတွင် အကြမ်းဖက်မှုဆိုသည့် စကားလုံးမှာ “လူအများရှေ့မှောက်တွင် ဖြစ်စေ သို့မဟုတ် လူမမြင်ကွယ်ရာတွင်ဖြစ်စေ ခြိမ်းခြောက်မှု၊ လွတ်လပ်မှုအား အတင်းအကြပ် သို့မဟုတ် မတရား သိမ်းပိုက်ခြင်းများ အပါအဝင် လိင်စော်ကားမှုကြောင့် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာရမှု သို့မဟုတ် အမျိုးသမီးများ ဝေဒနာ ခံစားမှုကို ဖြစ်ပေါ်စေသည့် သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော လိင်အခြေခံ အကြမ်းဖက်မှု မှန်သမျှ ကိုဆိုလိုသည်။ ”

“သက်ရောက်မှုရှိသည့် လိင်ကွဲပြားခြားနားမှုကိုအခြေခံသော မည့်သည့်အပြုအမူမျိုးကို မဆို (သို့မဟုတ်) အကျိုးသက်ရောက်မှု ဖြစ်ဖွယ်ရာရှိသည့် လူအများရှေ့မှောက်တွင် ဖြစ်စေ ပုဂ္ဂလိကဘဝတွင်ဖြစ်စေ ဖြစ်ပွားသည့် လိင်နှင့်ပတ်သက်သော ကိုယ်ထိလက်ရောက် ကျူးလွန်မှု၊ လိင်ပိုင်းဆိုင်ရာ (သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာထိခိုက် နစ်နာစေမှု၊ အမျိုးသမီး များအားဝေဒနာခံစားစေမှု၊ ထိုကဲ့သို့သောအပြုအမူများ ပြုလုပ်မည်ဟု ခြိမ်းခြောက်ခြင်းများ အပါအဝင် အကြပ်ကိုင်ခြင်း (သို့မဟုတ်) တဖက်သတ်လွတ်လပ်မှုအား ပိတ်ပင်ထားခြင်း”

**မေး။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတွင် မည်သည့် အကြမ်းဖက်မှုပုံသဏ္ဍာန် အဖြစ် အများဆုံး နည်း။**

အမျိုးသမီးများအပေါ်အကြမ်းဖက်မှုသည် ပုံသဏ္ဍာန်မျိုးစုံ ဖြစ်နိုင်ပါသည်။ အောက်ဖေါ်ပြပါ များကိုသာ ကန့်သတ်ထားခြင်း မဟုတ်ပေ။

- **စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု။** ။ နည်းလမ်းအမျိုးမျိုးဖြင့် အမျိုးသမီးတယောက်၏ မိမိကိုယ်ကိုယုံကြည်မှုအား လျော့နည်းစေရန် အော်ဝေါက်ခြင်း၊ နှုတ်ဖြင့်စော်ကား ခြင်း၊ လှောင်ပြောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရုတ်ရင်းကြမ်းတမ်းသော စကားပြောခြင်း၊ အရှက်တကွဲဖြစ်စေခြင်း၊ ထိပါးနှောင့်ယှက်ခြင်း၊ အထင်အမြင်သေးခြင်း၊ စိတ်ခံစားမှု ဆိုင်ရာ အလေးပေးဂရုစိုက်မှု သို့မဟုတ် အထီးကျန်ဖြစ်စေရန် တမင်တကာ လုပ်ဆောင်ခြင်းတို့ အကြုံးဝင်သည်။

- **ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု။** ။ သိသာအထင်ရှားဆုံးမှာ ရိုက်နှက်ခြင်း၊ ဆက်ကာဆက်ကာ ထိုးကြိတ်ခြင်းမှသည် ရိုက်ပုတ်ခြင်း၊ လက်နက်ပစ္စည်းတခုခုဖြင့် ရုပ်ပိုင်းဆိုင်ရာအနိုင်ကျင့်ခြင်း၊ ညှင်းပမ်းနှိပ်စက်ခြင်း၊ ကိုယ်ခန္ဓာအစိတ်အပိုင်းများ ဖြတ်တောက်ခြင်းနှင့် သတ်ဖြတ်ခြင်းများအထိ ပါဝင်သော အထင်ရှားဆုံးသော အကြမ်းဖက်မှုများ ပါဝင်သည်။
- **လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု။** ။ ထိပါးနှောင့်ယှက်မှု အမျိုးမျိုးမှသည် ဆန္ဒမပါပဲ လိင်ပိုင်းဆိုင်ရာ ကိုင်တွယ်ထိတွေ့ခြင်းမှသည် မုဒိမ်းကျင့်ခြင်း၊ နှစ်ဦးနှစ်ဖက် သဘောတူညီမှု မပါသည့် လိင်ပိုင်းဆိုင်ရာလုပ်ဆောင်မှု ပုံသဏ္ဍာန်အမျိုးမျိုး (ဥပမာ–လူတဦးတယောက်ကို အတင်းအကြပ် အင်အားသုံးခြင်း) ဖြစ်သည်။ ၎င်းအကြမ်းဖက်မှု ပုံသဏ္ဍာန်တွင် သွေးသားရင်းဆွေမျိုးတော်သူ နှင့်လိင်ဆက်ဆံမှုလည်း အပါအဝင် ဖြစ်သည်။
- **ငွေရေးကြေးရေးဆိုင်ရာ အကြမ်းဖက်မှု။** ။ နည်းလမ်းအမျိုးမျိုးဖြင့် မိသားစု၏ ဝင်ငွေ၊ အိမ်ထောင်ဖက်၏ အမွေ (သို့မဟုတ်) လုပ်အားမှ ရသည့်ဝင်ငွေ ငွေကြေးများကို တစိတ်တပိုင်းအရ သော်လည်းကောင်း အားလုံးသော်လည်းကောင်း ထိန်းချုပ်သည့် နည်းနာများအားလုံး အကြုံးဝင်သည်။ မိမိ၏အိမ်ထောင်ဖက်ကို အိမ်ပြင်ပ၌ အလုပ်လုပ်ကိုင်ရန် တားဆီးခြင်း (သို့မဟုတ်) ငွေရေးကြေးရေးအရ အမှီအခိုကင်းမှုကို ဦးတည်စေနိုင်သည့် လုပ်ဆောင်ချက်များကို တားဆီးခြင်းများလည်း အပါအဝင်ဖြစ်သည်။
- **စိတ်ခံစားပိုင်းဆိုင်ရာ အနိုင်ကျင့်မှု။** ။ ပုဂ္ဂိုလ်တဦးတယောက်၏ ယဉ်ကျေးမှု ဓလေ့ထုံးစံ (သို့မဟုတ်) ဘာသာရေးဆိုင်ရာ ယုံကြည်ချက်များကို ပြက်ရယ်ပြုခြင်း (သို့မဟုတ်) အပြစ်ပေးခြင်းမှ တဆင့် ဖျက်ဆီးရန် ပြုလုပ်ခြင်း၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ ဘာသာတရား ကျင့်သုံးခွင့်ကို တားမြစ်ပိတ်ပင်ခြင်း (သို့မဟုတ်) ၎င်းတို့၏ ကိုယ်ပိုင် မဟုတ်သော ဘာသာတရားကို အမျိုးသမီးများကို သော်လည်းကောင်း ကလေးငယ်များကို သော်လည်းကောင်း အတင်းအကြပ် လိုက်နာကျင့်သုံးစေခြင်း စသည်တို့လည်း ပါဝင်သည်။

***သတင်းအရင်းအမြစ်။*** *အမျိုးသမီးများကို အကြမ်းဖက်မှုဆိုင်ရာ ကနေဒါလူမျိုးများအဖွဲ့ (၁၉၉၃ခုနှစ်) နောက်ဆုံးအစီရင်ခံစာ၊ "မြင်ကွင်းကိုပြောင်းလဲစေခြင်း၊ အကြမ်းဖက်မှုရပ်တန့်ခြင်း တန်းတူညီမျှမှု ရရှိခြင်း"။ စာမျက်နှာ ၆–၇*